THE 88 GENERATION STUDENTS
Burma (Myanmar)

# မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာတပ်ပေါင်းစုကြီးနှင့် ၈၈မျိုးဆက်ကျောင်းသားများ၏ပူးတွဲကြေငြာချက်

ရက်စွဲ ၂၅/၉/ ၂၀၀၇

ရဟန်းရှင်လူကျောင်းသားပြည်သူအပေါင်းတို့

၁။ ယနေ့မြန်မာနိုင်ငံတဝှမ်းလုံးတွင် ရဟန်းသံဃာတော်များက ဦးဆောင်၍ တိုင်းရင်းသားပြည်သူတရပ်လုံး ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံ အထွေထွေအကြပ်အတည်းများမှ လွတ်မြောက်ပြေလည်စေရန်အတွက် မေတ္တာပို့ဆုတောင်း၍ ငြိမ်းချမ်းစွာ ဆန္ဒပြလျှက် ရှိသည်။

၂။ ရဟန်းသံဃာတော်များ၏ ဦးဆောင်မှုနှင့်အတူ သီလရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားလူမျိုးစုများ၊ အနုပညာရှင်များ၊ အသိပညာရှင်အတတ်ပညာရှင်များစသည့် လူထုလူတန်းစားအသီးသီးမှပြည်သူများ က ထောက်ခံအားပေး၍ ပူးပေါင်းပါဝင်ဆန္ဒပြလာကြသည်မှာ အနှစ်နှစ်ဆယ်တွင်း အကြီးမားဆုံးသော ညီညွတ်မှုကြီးပင် ဖြစ်သည်။

၃။ ထိုသို့ဆန္ဒပြကြရာတွင် မိမိတို့ရရှိထားသော အခွင့်အလမ်းအား အမိအရ ဆုပ်ကိုင်၍ သံဃာတော်များမှ တညီတညွတ်ချမှတ်ပြီး အများပြည်သူက ထောက်ခံထားသည့်

(က) စားဝတ်နေရေးပြေလည်ရေး၊

(ခ) နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေး

စသည့် ကြွေးကြော်သံသုံးရပ်အား အသီးသီးကိုင်စွဲ၍ ပြည်သူလူထုသည် ဒီမိုကရေစီနှင့် ထိုက်တန်ကြောင်းကို စည်းကမ်းရှိရှိ ညီညီညွတ်ညွတ် ပြသနိုင်ရန် လိုအပ်သည်။

၄။ ပြည်သူလူထုတရပ်လုံးအနေဖြင့် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးမှ အတွေ့အကြုံနှင့် သင်ခန်းစာများကိုရယူ၍ စစ်အာဏာရှင်တစ်စု၏ ကောက်ကျစ်စဉ်းလဲသည့် တန်ပြန်သပိတ်များ၊ အကြမ်းဖက်ဖြိုခွင်းလာမည့် အန္တရာယ်များအား လူထုလုပ် ရှားမှုနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေးကော်မတီများဖွဲ့စည်း၍ သတိရှိရှိ ပြင်ပြင်ဆင်ဆင် ကာကွယ်သွားကြရန် အထူးပင် လိုအပ်သည်။

၅။ ရဟန်းသံဃာတော်များနှင့် ကျောင်းသားလူငယ်များအနေဖြင့် မည်သည့်ခြိမ်းခြောက်ဟန့်တားမှု၊ အကြမ်းဖက်ဖြိုခွင်းမှုမျိုးကိုမျှ နောက်တွန့်သွားမည်မဟုတ်ပဲ တိုင်းရင်းသားပြည်သူတရပ်လုံးနှင့်အတူ ပေါင်းစည်းလက်တွဲ၍ နိုင်ငံ့အရေးအတွက် ရဲရင့်ပြတ်သားစွာ အဆင့်ဆင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြေငြာလိုက်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာတပ်ပေါင်းစုကြီး

(၁) ဦးသြဘာသ (၂) ဦးဂမ္ဘီရ (၃) ဦးခေမိန္ဒ (၄)ဦးပါကရ

၈၈ မျိုးဆက်ကျောင်းသားများ

(၁) ဒွေးကြွယ် (၂) ထွန်းမြင့်အောင် (၃) လှမျိုးနောင် (၄) အောင်သူ